**(၆) ပြောင်းဖူးပုပ်ရောဂါ (Ear rot)**

**ရောဂါဖြစ်စေသောသက်ရှိ - (၁) *Aspergillus flavus* Link, (၂) *Aspergillus niger* Tiegh.**

**ရောဂါလက္ခဏာများ**

ပန်းပွင့်ချိန် (သို့) ပန်းပွင့်ချိန်နောက်ပိုင်းတွင် ရေပြတ်ခြင်း၊ မြေတွင်းအစိုဓါတ်မရှိ ခြင်းတို့ကြောင့် ဤရောဂါအဖြစ်များသည်။ ရောဂါဖြစ်စေသောမှိုသည် ပြောင်းဖူးထိပ် အမွှေးများမှ တစ်ဆင့် ဝင်ရောက်ကာ ပြောင်းဖူးကိုတိုက်ခိုက်သဖြင့် ပုပ်သွားသည်။ ပြောင်းဖူးအတွင်းအစေ့အဆံများတွင် မှိုများပေါက်ပွားပြီး အပြင်မှပြောင်းဖူးခွံ ပေါ်တွင် အမဲရောင် (သို့) စိမ်းဝါရောင်မှိုများကိုတွေ့ရသည်။ ပြောင်းဖူးပုပ်ရောဂါဖြစ် စေသောမှို သည်တစ်မျိုးထက်ပိုသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါခံနိုင်ရည်ရှိသော စပ်မျိုးပြောင်းများကို ရွေးချယ်စိုက်ပျိုးပါ။
- သီးနှံအလှည့်ကျစိုက်ပါ။
- ရောဂါရပြောင်းဖူးခင်းမှ ပင်ကြွင်းပင်ကျန်နှင့် ပေါင်းမြက်များကို မီးရှို့ဖျက်ဆီးပါ။
- ပန်းပွင့်ချိန် (သို့) ပန်းပွင့်ချိန်နောက်ပိုင်းတွင် ရေပြတ်ခြင်း၊ အစိုဓါတ်လျော့ နည်းခြင်း မရှိစေရန်ဆောင်ရွက်ပါ။
- ပြောင်းဖူးအား အင်းဆက်များဖျက်ဆီးခြင်းမရှိစေရန် အင်းဆက် ပိုးများကို ကာကွယ်နှိမ်နင်းပါ။